

# မိုးရေထဲမှာ

အရှင်ဉာဏိက

နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ ရာသီစကားလုံးလေးတွေကိုကြားရတိုင်း စိတ်ထဲမှာတစ်စုံတစ်ခု ထူးထူးခြားခြား ခံစားမိတတ်ပါတယ်၊ နောက်ပြီး ဒီရာသီတွေနဲ့ ဆက်စပ်နေတဲ့ မြူတို့, မိုးတို့,နှင်းတို့ ဆိုတဲ့အသံကို ကြားရတိုင်းလည်း အမှတ်ထင်ထင် ဖြစ်မိတတ်ပါတယ်၊ ပြောရလျှင် ငယ်စဉ်ကဆိုလျှင်ဖြင့် ကိုယ့်မိခင်ဖြစ်သူကို မိခင်ဖြစ်လို့ လေးစားချစ်ခင်ရတာပါမက နာမည်ကလည်း“ဒေါ်နှင်းရည်”ဖြစ်သမို့ ကိုယ့်မိခင်ရဲ့ ဒီနာမည်အတွက်လည်း ကြွံကြွံဖန်ဖန် ကျေနပ်နေမိတတ်ခဲ့ပါသေးတယ်၊ ခုလို ကိုယ့်မြေကိုယ့်ရေနဲ့ ဝေးနေရပြန်တော့ မြူခိုးတွေဝေနေတတ်တဲ့ အညာနံနက်ခင်းအောက်မှာ လက်ပံပွင့်ကောက်ခဲ့ရတဲ့ ငယ်ဘဝအချိန်များကလည်း သတိတရဖြစ်နေတတ်တဲ့အရာများထဲမှာ ရှေ့ဆုံးက ပါဝင်လို့နေတတ်ပြန်ပါတယ်၊ ခုလည်း ဖြူဖြူဖွေးနေတဲ့ စနိုးပြင်ပေါ်မှာ လမ်းလျှောက်ရတာကို သဘောကျနှစ်သက်နေမိတတ်သလို မိုးသဲသဲအောက်မှာ ရောက်တတ်ရာရာ ခရီး ကားစီးပြီး သွားနေရတာကိုလည်း ဝမ်းသာမဆုံးဖြစ်နေတတ်တုန်းပါပဲ။ နွေ,မိုး,ဆောင်း ရာသီတွေက ပေးတဲ့ လှပမှုတွေကြားမှာ ဘဝရသကိုရှာဖွေနေတတ်သူရယ်လို့ ဆိုကောင်း ဆိုနိုင်မလားပါ။

ခုလည်း မိုးကပေးတဲ့ အတွေးတစ်စ ရခဲ့တာကြောင့် ပြောပြချင်မိပြန်ပါတယ်၊ မိုးရေအောက်မှာ ရခဲ့တဲ့အတွေးမို့ မိုးကိုပဲ ကျေးဇူးစကား ဆိုရလေမလားပါ။

မကြာမီက ဝါရှင်တန်ဒီစီအနီး မေရီလင်းပြည်နယ်ထဲကို ရောက်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့နှစ်က အသစ်တည်ထောင်ဖွင့်လှစ်ခဲ့တဲ့ အောင်ရတနာကျောင်းမှာ “ရတနာ့ဂုဏ်ရည်”သိမ်သမုတ်ပွဲ၊ သံဃပဝါရဏာပြုပွဲနဲ့ ရဟန်းခံပွဲကို တက်ရောက်ဖို့ပါ ။ သိမ်သမုတ်ပွဲကို အမေရိကန်နိုင်ငံအတွင်း ဒေသအသီးသီးမှာ နေထိုင်ကြတဲ့သံဃာတော်များ စုံစုံညီညီ ပင့်ဖိတ်ပါတယ်၊ ဗမာပြည်ကနေ ခေတ္တရောက်ရှိနေတဲ့ ဆရာတော်များကိုလည်း ဒီပွဲမှာ တွေ့ရဆုံရပါတယ်၊ စုစုပေါင်း သံဃာတော် ၄၃ ပါး ကြွရောက်ပါတယ်၊ အမေရိကန်ပြည်ထောင်စုအတွင်း ကျင်းပခဲ့တဲ့ ပွဲများထဲမှာ သံဃာတော်တွေ အစုံလင်ဆုံးလို့ ဆိုနိုင်ပါတယ်၊ “သာသနာမှာ သိမ်၊ သင်္ကန်းမှာ ကထိန်၊ ဆွမ်းမှာ ပိဏ်” လို့ဆိုသလို သိမ်ဆိုတာ သာသနာတော်အတွက် အရေးကြီးတဲ့ အရာတစ်ခုမို့ ခုလို စုံစုံညီညီ တက်ရောက်ကြတာဖြစ်ပါလိမ့်မယ်။ ဆုံစည်းဖို့ ခက်ခဲတဲ့ သံဃာတော်များကို တစ်နေရာတည်း တစ်ချိန်တည်းမှာ ဆုံစည်းခွင့်ရခြင်းဟာဖြင့် ရှားပါးတဲ့ အခွင့်အရေးတစ်ခုကို ရလိုက်ခြင်းပါပဲ၊ သံဃာတော်အားလုံးတူညီတဲ့ သဘောထားတစ်ခုကတော့ ခုလိုပဲ ညီညီညာညာ တစ်နေရာရာမှာ တစ်နှစ်တစ်ခါလောက်စီ ဆုံဖြစ်ကြလျှင်ဖြင့် ကောင်းမှာပဲဆိုတဲ့ဆန္ဒပါ။

သာသနာတွင်း ထဲထဲဝင်ဝင် သာသနာ့အမွေခံကောင်းများအဖြစ် ခံယူနိုင်ဖို့ဆိုလျှင် သိမ်ဆိုတာက မရှိမနေရှိရမည့်အရာမျိုးပါ၊ သိမ်ဆိုတာကို ကြားဖူးနားဝရှိပေမယ့် ဘာအတွက် ဒီသိမ်ကို သမုတ်ကြရတယ်၊ သိမ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်ဆောင်တယ်ဆိုတာကိုတော့ လူတိုင်းသိရှိနိုင်မယ် မဟုတ်ပါဘူး၊ “သီမာ” သိမ်ဆိုတာက (သတ်သတ် မှတ်မှတ်) အပိုင်းအခြားလို့ အဓိပ္ပါယ်ရပါတယ်၊ သံဃာတော်များ ဘာသာသာသနာရေးနဲ့ ပတ်သက်တဲ့ အချို့အမှုကိစ္စ

တွေကို ဆောင်ရွက်ကြရာမှာ စုစုဝေးရှိစေဖို့၊ လွယ်လွယ်ကူကူဖြစ်စေဖို့ဆိုတဲ့ ရည်ရွက်ချက်နဲ့ ဗုဒ္ဓကခွင့်ပြုတော်မူခဲ့တာပါ။

သတ်သတ်မှတ်မှတ် နေရာမျိုးမရှိလျှင် သူတစ်လူငါတမင်း၊ သူ့အသင်းကိုယ့်အသင်းဆိုပြီး ကိုယ်အားသန်ရာ ကိုယ်မှန်တယ်ထင်ရာကိုသာ ပြုမူကောင်း ပြုမူကြပါလိမ့်မယ်။ ခုလို တစ်နေရာတည်းမှာ တစ်စုတဝေးတည်း စုပေါင်းပြီး ပြုလုပ်ကြတော့ အချင်းချင်းတွေကြားမှာ ပိုမိုလို့ရင်းနှီးမှုကို ဖြစ်စေပါတယ်။ အချင်းချင်း ပြောဆိုဆွေးနွေးခွင့်လည်းရလို့ နားလည်မှုလည်း ပိုစေပါတယ်၊ အစဉ်အလာအရ လပြည့်လကွယ်နေ့များမှာ နီးစပ်ရာသံဃာတော်များစုပေါင်းပြီး တစ်သိမ်ထည်းမှာ ကိုယ့်အားနည်းချက်ကို ထုတ်ဖော်လျှောက်ထားကြ၊ သက်ကြီးဝါကြီး မထေရ်ကြီးများရဲ့ အဆုံးအမကို ခံယူကြ၊ အနာဂါတ်သာသနာအတွက် ဆွေးနွေးတိုင်ပင်ကြ၊ သိမ်ကိုအမှီပြုပြီး ပြုလုပ်ကြတဲ့ ဒီအစဉ်အလာကောင်းများဟာ တန်ဖိုးကြီးမားလှသလို ချစ်ခင်နှစ်သက်စရာ၊ လေးစားလိုက်နာစရာလည်း ကောင်းလှပါတယ်၊ ဆွေးနွေးတိုင်ပင်မှုရှိမှသာလျှင် သူ့သဘောထား၊ ကိုယ့်သဘောထား၊ သူ့လိုအင် ကိုယ့်ဆန္ဒကို အမှန်အတိုင်းသိမြင်နိုင်မယ် မဟုတ်လား၊ ဒါကြောင့် သိမ်ဆိုတာ လုပ်ငန်းဆောင်တာလုပ်ဖို့ လွယ်ကူစေရုံသာမက စည်းရုံးညီညွတ်မှု၊ ရင်းနှီးကျွမ်းဝင်မှုစတဲ့ ကောင်းမြတ်ခြင်းသဘောကိုလည်း ဆောင်ပါတယ်။

သိမ်သမုတ်ချိန်မှာ မိုးတွေကလည်း သဲသဲမဲမဲရွာသွန်းနေလို့ နေရာကန့်သတ်မှုအရ သံဃာတော်များမှာ ပုံမှန်အခြေအနေထက်ပိုမိုပြီး ပူးပူးကပ်ကပ် ထိုင်ကြရပါတယ်၊ သာမန်အချိန်မျိုးမှာ သံဃာတော်အချင်းချင်း နှစ်တောင့်ထွာ အတွင်းမှာရှိနေစေဖို့ “ရှေ့ နည်းနည်းတိုးပါဦးဘုရား” လို့လျှောက်ထားတတ်ရလေ့ရှိပေမယ့် ခုအခါမှာတော့ တစ်ပါးနဲ့တစ်ပါး ပူးကပ်ထိစပ် ထိုင်ကြရတာမို့လည်း အခြားအခါများမှာထက် ပိုမိုနီးစပ်မှုကို ဖြစ်စေသားရယ်လို့လည်း တွေးနေမိခဲ့ပါသေးတယ်။ စာရေးသူအနေနဲ့တော့ ခုလိုမိုးတွေရွာနေတော့ ဟိုဟိုဒီဒီသွားလာဖို့ မလွယ်ကူတာကြောင့် သံဃာတော်များအချင်းချင်းကြားမှာ တွေ့ဆုံဆွေးနွေးချိန် ပိုမိုရခဲ့တာမို့ မိုးရွာနေတာကိုပဲ ကျေနပ်နေမိပါတယ်။ သူ့အကြောင်း ကိုယ့်အကြောင်း၊ သူ့ဒေသ ကိုယ့်ဒေသ၊ တွေ့ရကြုံရ၊ ကြားသိရတဲ့ အရာများကို အချင်းချင်းတွေကြား ဖလှယ်ခွင့်ရကြလို့လည်း ဗဟုသုတ တိုးပွားရပါတယ်။

အောင်ရတနာဆရာတော်ရဲ့ အာဝါသိကဝတ်တရား–ဧည့်ဝတ်ကျေပွန်မှုကလည်း လိုလေသေးမရှိအောင် ပြည့်စုံပါတယ်၊ သို့ပေမယ့် မိုးလေဝသ ကောင်းကောင်းမွန်မွန်နဲ့ သိမ်သမုတ်ကံကို ပြုလုပ်နိုင်လျှင်ဖြင့် ခုအနေအထားမှာထက် ပိုပြီးစနစ်ကျတဲ့ စည်ကားမှုမျိုးနဲ့ ဒီပွဲကို ဖန်တီးနိုင်ပေလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်၊ ဒါကြောင့်အောင်ရတနာဆရာတော်အနေနှင့်တော့ စွမ်းအားရှိသလောက် လုပ်ကိုင်ခွင့်မရနိုင်ခဲ့တာအတွက် အားမလိုအားမရများ ဖြစ်နေမလားတော့ မဆိုနိုင်ဘူးပေါ့၊ တကယ်လို့ အားမနိုင်ဖြစ်ခဲ့မယ်ဆိုလျှင်တောင် ဒါဟာ ဖြစ်ထိုက်တာပဲရယ်လို့ စာနာစွာနားလည်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ စိုပြေမှုသဘောတရားဆိုတာ ခြောက်သွေ့မှု၊ ပူလောင်မှုနဲ့နှိုင်းစာလျှင်ဖြင့် ကောင်းမြတ်တဲ့အဓိပ္ပါယ်ဆောင်တာမို့ ဒီအချိန်မှာ ရွာသွန်းဖြိုးတဲ့ ဒီမိုးဟာဖြင့် အောင်ရတနာအတွက်တော့ ကောင်းမြတ်ခြင်းလက္ခဏာဆောင်တဲ့ ရတနာမိုးလို့ပဲ ဆိုရမှာပါ။ ဟုတ်ပါတယ်၊ ရတနာဆိုတာ ရှားပါးမှုသဘော၊ အဖိုးဖြတ်ဖို့ ခက်ခဲတဲ့သဘော၊ တန်ဖိုးကြီးမှုသဘော၊ တွေ့ကြုံဆုံခွင့်ရဖို့ ခက်ခဲတဲ့သဘောမျိုးကို ဆိုလိုတာ မဟုတ်လား၊ ခုလို ကိုယ့်အမိမြေနဲ့အလွန် အလှန်းကွာဝေးလှတဲ့ အနောက်ကမ္ဘာမှာ သံဃာတော်တွေ ခုလောက်များများ တစ်စုတဝေးတည်း ပေါင်းဆုံစုစည်းမိဖို့ဆိုတာ အလွန်မှ ရတောင့်ရခဲ ရှားရှားပါးပါး ရတနာတစ်ပါးပါ၊ ခုလို ပျော်ရွှင်စရာ စုစည်းပေါင်းဆုံမှုမျိုးကို အရင်ကလည်း မကြုံဆုံခဲ့ဖူးသလို နောင် ဘယ်လောက်ကြာကြာမှာမှ ပြန်လည်လို့ ဒီအခွင့်မျိုးရနိုင်လေမယ်ဆိုတာကိုလည်း ခန့်မှန်းလို့ မရနိုင်ပါဘူး၊ ဒါကြောင့် ဒါဟာဖြင့် ပကတိသော မိုးနဲ့အပြိုင် အောင်ရတနာမှာရွာသွန်းခဲ့တဲ့ရတနာမိုးပါပဲ၊ သာသနာ့အသက် ဒီရတနာ မိုးစက်တွေဟာဖြင့် အောင်ရတနာဆိုတဲ့ ကျောင်းဝင်းပရဝုဏ်ကိုကျော်လို့ ကမ္ဘာအနှံ့ ပြန့်သွားလေမှာကိုလည်း မျှော်ယောင်မှန်းဆမိပါတယ်။

သိမ်ဆိုတဲ့ သဘောသဘာဝက နယ်ပယ်တစ်ခုအတွင်း၊ အပိုင်းအခြားတစ်ခုအတွင်းမှာ နေထိုင်ကြသူတို့ စည်းလုံးညီညွတ်ကြခြင်း၊ လုပ်သင့်လုပ်ထိုက်တဲ့အရာများကို အတူတကွ ညီညီနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ပြုလုပ်ကြခြင်း အဓိပ္ပါယ်

လည်း ရှိပါတယ်၊ ဒီ“သီမာ” သိမ်ဆိုတဲ့သဘောတရားကို အခြေခံတဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ နားလည်ခံစားမှုတွေကို ခုလိုသံဃာကံပြုမှု နယ်ဘောင်အတွင်းကနေပြီး ကမ္ဘာလောကဓာတ် တစ်ခုလုံးကို ပျံ့နှံ့လွှမ်းခြုံစေချင်ပါတယ်၊ အထူးသဖြင့်တော့ သာသနာတော်ကို ထောက်ပံ့နေကြတဲ့ ကိုယ့်လူမျိုးတွေကြား ပိုမိုလို့ ပျံ့နှံ့စေချင်ပါတယ်၊ ကိုယ့်လူမျိုးအချင်းချင်းကြား တစ်ဦးအပေါ်တစ်ဦး တိုက်ခိုက်ခြင်း၊ ရန်လိုခြင်း၊ အားရှိသူက အားမဲ့သူအပေါ်မှာ အနိုင်ယူခြင်းဆိုတာတွေ လုံးဝမရှိစေချင်ပါဘူး၊ ဒီသဘောတရားတွေက မယဉ်ကျေးမှု၊ မမြင့်မြတ်မှု၊ မရင့်ကျက်မှုတွေကနေ ပေါက်ဖွားလာတာတွေပါ၊ တကယ်တော့ ဒီလိုမကောင်းတဲ့အပြုအမူမျိုးက အသိဉာဏ်အဆင့်နိမ့်တဲ့ သတ္တမျိုးနွယ်စု အတွင်းမှာသာ ရှိရမည့် အရာမျိုးပါ၊ အသိဉာဏ်အဆင့်မြင့်တဲ့ လူသားဆိုတဲ့ သတ္တမျိုးနွယ်စုကြားမှာတော့ တစ်ဦးအပေါ်တစ်ဦး တိုက်ခိုက်ခြင်းတွေ၊ မတရားအနိုင်ယူလိုမှုတွေဆိုတာ လုံးဝမရှိသင့်ပါဘူး၊ အပြန်အလှန် ဝေဖန်ပုတ်ခတ်နေခြင်း၊ တိုက်ခိုက်နေခြင်းဖြင့်လည်း ဘယ်လိုပြဿနာကိုမှ အဆုံးစွန်ဖြေရှင်းနိုင်မယ်လည်း မဟုတ်ပါဘူး။

လူမှုရေးသိပ္ပံပညာရှင်များကလည်း အချင်းချင်းဆွေးနွေးတိုင်ပင် အဖြေရှာမှုသဘောဟာ အခြားသောသတ္တဝါများနဲ့ လူသားများရဲ့ ထင်ရှားတဲ့ ခြားနားချက်တစ်ခုလို့ ဆိုပါတယ်၊ တိုင်ပင်ဆွေးနွေးမှုကို အခြေမခံတဲ့ သတ္တမျိုးနွယ်စုတစ်ခုဟာ အကောင်းဖက်ကို တိုးတက်ဖို့ မျှော်လင့်စရာ မရှိဘူးလို့လည်း ဆိုကြပါတယ်၊ ဒီတော့ စကားနဲ့ရှင်းရမည့်အရာမှာ ဓားနဲ့မရှင်းကြရလေအောင် သတိပြုမိကြဖို့လိုပါတယ်၊ ဘယ်လိုပြဿနာပဲဖြစ်ဖြစ် ဆွေးနွေးတိုင်ပင် အဖြေရှာပါက မပြေလည်နိုင်စရာ မရှိပါဘူး၊ တစ်ကြိမ်တစ်ခါ ဆွေးနွေးအဖြေရှာရုံနဲ့ ပြဿနာအားလုံးပြေလည်သွားမှာတော့ မဟုတ်ဘူးပေါ့၊ သို့ပေမယ့် ဆွေးနွေးတိုင်ပင်ခြင်းသည်သာ အကောင်းဖက်ကိုဦးတည်တဲ့ တိုးတက်မှု တစ်ခုဖြစ်သလို ပြဿနာကို ပြေလည်အောင် ဖြေရှင်းဖို့အတွက် အကောင်းဆုံး ကိရိယာတန်ဆာတစ်ခုလည်းပဲဖြစ်ပါတယ်။

ပြောခဲ့သလို သိမ်ဆိုတာ အပိုင်းအခြားတစ်ခုပါ၊ သို့ပေမယ့် ဒီအပိုင်းအခြားက သံဃာတော်များ အချင်းချင်းတွေကြားမှာ ကတ္တားခြားထားတဲ့ အပိုင်းအခြားမျိုး မဟုတ်ပါဘူး၊ စိတ်တူသဘောတူ၊ ခံယူချက်တူသူတွေအကြား ရင်းနှီးမှုပိုစေဖို့၊ ညီညွတ်မှုပိုစေဖို့၊ အတူတကွ ပေါင်းစုမျှတစွာ လုပ်ဆောင်နိုင်စေဖို့ နယ်မြေလေးတစ်ခုသတ်မှတ်ကာ ပိုင်းခြားထားတဲ့သဘောပါ။ အားလုံးသောလူသားများကြားမှာလည်း ရည်ရွယ်ချက်တွေ တူညီကြတယ်၊ ညီညွတ်မျှတစွာ နေလိုကြတယ်၊အေးချမ်းသာယာစွာ နေလိုကြတယ်ဆိုလျှင်ဖြင့် မြတ်ဗုဒ္ဓ ခွင့်ပြုထားခဲ့တဲ့ ဒီ သိမ်ဆိုတဲ့သဘောတရားလေးကို အတုယူ၊ အတူပြုလို့ တိုင်တိုင်ပင်ပင် ညီညီနွတ်နွတ်းဖြင့် အမျိုးဘာသာ သာသနာ၊ နိုင်ငံနဲ့လူမျိုးတိုးတက်ရေးအတွက် အတူတကွယှဉ်တွဲကာ နေထိုင်သွားသင့်ကြပါတယ်၊ သိမ်သမုတ်နေစဉ် မိုးရေစက်တွေငေးကြည့်ရင်းလည်း ရင်ထဲမတော့ “ခုလို ရွာသွန်းနေတဲ့ မိုးရေစက်တွေအလား အချင်းချင်းတွေကြားမှာ အပြန်အလှန် မေတ္တာမိုးရေစက်တွေ သွန်းဖြိုး ဖျန်းပက်နိုင်ကြပါစေသား” လို့ ဆန္ဒပြုကာ နေမိခဲ့ပါတယ် ။ ။

ကမ္ဘာတစ်ဝှမ်း၊ မေတ္တာလွှမ်း၊ သာယာ ငြိမ်းချမ်းကြပါစေ။

အရှင်ဉာဏိက

အောက်တိုဘာ ၁၁၊ ၂၀၀၆

